## ဒုတိယ အကြိမ် ဖြည့်စွက် ပုံနှိပ်ခြင်း
## အကြောင်းပြ စကား

လူမှာ အာရုံကို သိသော
အပြင် သိစိတ် ရှိသလို
လူမှာ အာရုံကို မသိသော
အတွင်း ဘဝင်သိစိတ်လည်း ရှိသည်။
အပြင် အာရုံ သိစိတ်သည်
လောက၏ မမြဲသော သဘာဝကို
မြင်နေ ကြားနေသော်လည်း
သတိပြု၍ မရှုတတ်သောကြောင့်
"အနိစ္စ" ကို မမြင်သလို
ထိုစိတ်သည် "အနိစ္စ" ကိုလည်း မခံပါ။
အတွင်း ဘဝင်သိစိတ်သည်
မြင်မနေ ကြားမနေသော်လည်း
သတိပြု၍ ရှုတတ်သောကြောင့်
"အနိစ္စ" ကို မြင်သလို
ထိုစိတ်သည် "အနိစ္စ" ကိုလည်း ခံပါသည်။
ထိုသဘောသည်
သဘာဝ အရ ထင်ရှားပါသည်။
အပြင် အာရုံ သိစိတ်သည်
ဖြစ်နေသော အရာ တစ်ခု
ပျက်စီးသွားလျှင်
"အနိစ္စ" ဟု မမြင်တတ်
"အနိစ္စ" ကို မခံတတ်သောကြောင့်
ပျက်စီးခြင်းကို ပြောင်းလဲခြင်းဟု မသိတတ်။
ပျက်စီးခြင်း ဆိုသော ပညတ်ကိုသာ စွဲ၍
နှလုံးမသာ ဖြစ်တတ်ပါသည်။
ပျက်စီးခြင်းကို မမြင်လို
အနိစ္စကို မခံလိုချေ။
အတွင်း ဘဝင်စိတ်သည်
ဖြစ်နေသော အရာ တစ်ခုကို
အရှိကြာကြာ မြင်နေရလျှင်
ငြီးငွေ့ စက်ဆုပ်ချင်လာသည်။
ပျက်စီး ပြောင်းလဲသွားခြင်းကို
မြင်လည်း မြင်တတ်သည်။
ခံလည်း ခံတတ်သည်။
အဟောင်း ပျက်ပြယ်သွားလျှင်
အသစ် အသစ်တွေ အစား ဝင်လာမည်ကို
ကြိုတင် သိမြင်နေနှင့်သည်။
ထိုစိတ်သည် ပရမတ် အာရုံ ရှိသည်။
အနိစ္စကို အဟောင်း အသစ်တို့၏
ပြောင်းလဲခြင်း အဖြစ်ဖြင့်သာ
အစဉ် မြင်တတ်ပါသည်။
ထို့ကြောင့် လူသား၏ စိတ်သဘာဝသည်
အပြင်စိတ်က
အပြောင်းအလဲကို မလုပ်ချင်
လက်ရှိကိုပင် ခင်တွယ်သော်လည်း
အတွင်းစိတ်က
အပြောင်းအလဲကို လုပ်ချင်သည်။
အနိစ္စကို မြင်ချင်သည်။
အသစ်အဆန်းကို လိုချင်သည်။
လူ့ဘဝကို အပြင်စိတ်က
တိုးတက် ကြီးပွားအောင် မလုပ်နိုင်။
ဘဝင်စိတ်ကသာ
တိုးတက် ကြီးပွားအောင် လုပ်နိုင်သည်။
ဘဝင်စိတ်က ရေးပြနေသော
စကားရပ်များကို





လူသားသည် အဓိပ္ပာယ် ဖော်တတ်လျှင်
လူ့ဘဝသည် ဒုက္ခဆင်းရဲ အားလုံးမှ
ကင်းဝေး လွတ်မြောက်သွားနိုင်သည်။
အပြင်စိတ်သည်
အဖြူ အနီ
အမွှေး အဆေး
အမာ အပျော့
အလှုပ် အငြိမ်
အချဉ် အချို
အထိ အတွေ့
အမြင် အကြား သဘောများကိုသာ
သိနိုင် မြင်နိုင် ကြားနိုင်သည်။
အမှား အမှန်ကိုမူကား
အပြင်စိတ်က မသိနိုင်
ဘဝင်စိတ်ကသာ သိနိုင်သည်။
ဘဝင်စိတ်ကသာ "ဓမ္မ" ကို သိပါသည်။

ထိုသဘောတရားကို
စိတ်ဝင်စားစရာ ဖြစ်အောင်
အဓာတသတ်ကို သုံးသပ်ခြင်း အကြောင်း၌
အကျွန်ုပ် တတ်အားသမျှ ဖော်ပြထားပါသည်။

ပထမ အကြိမ် ထုတ်ဝေစဉ် အခါက
ရေးခဲ့ ဒဿန စာစုများကို ချန်၍
ရေးသားပြီးသမျှ စာများကိုသာ
ပုံနှိပ် ထုတ်ဝေ ခဲ့ရသည်။

ယခု ဒုတိယ အကြိမ်
သစ္စာဉာဏ်ပွင့် ဒဿနကို
ထပ်မံ ထုတ်ဝေရပြန်သော အခါ
နောက်ထပ် ဖြည့်စွက်စရာ
ဒဿန စာအများ ဖြစ်နေပြန်သဖြင့်

ထိုစာ လက်ကျန်များကို
ဤတွင် ထပ်မံ ဖြည့်စွက်ပြီး
ရေးပြီးသမျှ အားလုံး ပါအောင်
ထည့်သွင်း ထုတ်ဝေ ထားပါကြောင်း
ရိုးသားစွာ အစီရင် ခံပါသည်။

စာရေးသူ